# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 2 September 2025 ၁၁၉၂၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေး

## အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


ယနေ့ ဖတ်စရာ


အများထက် အမှန်ဖြစ်စေချင်သည် စာမျက်နှာ » ၈

ဆီဆိုင်မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက် စာမျက်နှာ » ၉

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဗိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဗိုရမ် ကြေညာစာတမ်းထုတ်ပြန် စာမျက်နှာ » ၁၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ စာမျက်နှာ » ၁၂

ကြေးမုံ

# နှစ်နိုင်ငံစီမံကိန်းများအကောင်အထည်ဖော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လျင်မြန်စွာဖြစ်ထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်းဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်အတွင်း ဩဂုတ်လ ၃၁ ရက်နေ့က ကျင်းပသည့် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် ယာယီသမ္မတက မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့် ကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည့်အနက် တရုတ်နိုင်ငံသည် အဆင့် ၂ နေရာတွင် တည်ရှိသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည်ကုန်ပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်ဆန္ဒရှိပြီး တရုတ်-မြန်မာ နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်။ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးနှင့်ကျန်းမာရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မန္တလေး-မူဆယ် မီးရထားလမ်းသည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့် ပေကျင်း-ကူမင်း-ရွှေလီ အမြန်ရထားလမ်းပိုင်းနှင့် ချိတ်ဆက်မည်ဖြစ်သည်။ မူဆယ်မြို့သည် တရုတ်-မြန်မာ ကုန်သွယ်ရေးတွင် အရေးအပါဆုံး နယ်စပ်ဂိတ်တည်ရှိရာမြို့ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတန်ဖိုးပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၂၀၀ ကျော်ရှိသည့်အနက် သန်း ၂၀၀၀ ကျော်သည် မူဆယ်-ရွှေလီ နယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုဖြင့် ရရှိခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါမီးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ပင်လယ်ထွက်ပေါက်မရှိသည့် တောင်ပိုင်းပြည်နယ်များကို မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့် အလားအလာရှိသော အခွင့်အလမ်းကောင်းဖြစ်သည်။

သို့ဖြစ်ရာ တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများအောင်မြင်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့ အလျင်အမြန် အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တာရိခ်ကာရီးမ်အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂**

မစ္စတာ တာရိခ်ကာရီးမ်ကို ၁၉၇၄ ခုနှစ်ဧပြီ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည်ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့ရှိ ကွေ့အီအာဇမ်တက္ကသိုလ် (Quaid-i-Azam University)မှ ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ မဟာဘွဲ့ (M. Phil)နှင့် ဇီဝသိပ္ပံဆိုင်ရာ မဟာဘွဲ့ (M.Sc.)ကိုလည်းကောင်း၊ ပန်ဂျပ်တက္ကသိုလ် (University of Punjab) မှ သမိုင်းပညာဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်းရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ တစ်နှစ်ကြာ သံတမန်ရေးရာ ဘွဲ့လွန်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ ၎င်းသည် Moscow State University မှ ရုရှားဘာသာစကားကိုလည်း လေ့လာသင်ကြားခဲ့သည်။

မစ္စတာ တာရိခ်ကာရီးမ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၊ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၊ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ စသည့် ပါကစ္စတန်သံရုံးများတွင် တတိယ အတွင်းဝန်မှ သံမှူးအထိလည်းကောင်း၊ ဓာတုလက်နက် တားဆီးပိတ်ပင်ရေးအဖွဲ့ဆိုင်ရာ ပါကစ္စတန်အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးဆဲရှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပါကစ္စတန်နိုင်ငံ ကိုယ်စားပြု မဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကုလသမဂ္ဂဌာနနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အလယ်အာရှနိုင်ငံများဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ သံတမန်ရေးရာဌာနနှင့် အစ္စလာမ်မစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ် မေလမှစ၍ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာရိခ်ကာရီးမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်နှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၁ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၂၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၃ | ၂၁,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၀၅၀ | ၁,၀၉၅ | ၃,၃၄၅,၃၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၄၁ | ၃၀၃,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၆၉၅ | ၃,၃၀၅,၂၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇၀၀ | ၁,၈၂၀,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁ | ၁,၈၅၀ |
| AMATA | ၃,၂၅၀ | ၃,၄၀၀ | ၅၀၄ | ၁,၆၃၈,၆၀၀ |
| MAEX | ၃,၂၀၀ | ၃,၃၀၀ | ၃၅၀ | ၁,၁၂၅,၀၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၈၅၀ | ၁၂ | ၃၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့သို့ SOC Plus အစည်းအဝေး လာရောက်တက်ရောက်ကြသည့် အတွက် ကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **“ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်”** ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမအဆိုပြုချက် (Global Governance Initiative (GGI) (၅)ချက်ကို မိမိအနေဖြင့် အဆိုပြု တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူဖြစ်စေမည့် ယခုအစည်းအဝေးသည် အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားသည်။ ထို့နောက် ဘီလာရုစ်နိုင်ငံ သမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၊ တာဂျစ်ကစ္စတန် သမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတ၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန်နိုင်ငံ သမ္မတ၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ၊ မော်လ်ဒိုက်နိုင်ငံ သမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံသမ္မတ၊ အီဂျစ်နိုင်ငံ ဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန်နိုင်ငံ သမ္မတ၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်တို့က ဆွေးနွေးပြောကြားကြသည်။

ထိုသို့နိုင်ငံအလိုက် ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါဟု ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီး အစည်းအဝေးကို မိမိအားပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကိုယ်စားတက်ရောက်အမှာစကားပြောကြားခွင့်ရရှိသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ယခုနှစ်အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးကို မိမိအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိသည်ကိုထပ်လောင်းပြောကြားလိုပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) သည် ၂၀၀၁ ခုနှစ် ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ် ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့် နိုင်ငံများ၊ မြေပေါ် မြေအောက် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေးအားကောင်းသည့် နိုင်ငံများ စသည်ဖြင့် ပါဝင်ပါကြောင်း၊ ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခု အဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင် တုံ့ပြန်လျက်ရှိပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်း ထိပ်သီး အစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာတွင်ထားရှိသည့် ခိုင်မာသော အခြေခံအုတ်မြစ်နှင့်

စာမျက်နှာ ၄ သို့ ○

**☆ ယနေ့ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်း ထိပ်သီးအစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိ**

**☆ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည်**

# မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်

◯ စာမျက်နှာ ၃ မှ

များစွာ အလားသဏ္ဍာန်တူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထားမေတ္တာရပ်ခံလိုပါကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသ ရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများစွာရှိပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း နီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း။

လုံခြုံရေး ကဏ္ဍတွင်လည်း ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ယနေ့ မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့်အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့် အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များ ဖြစ်သည့် ဉာဏ်ရည်တု(AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား လုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုပါကြောင်း။

**☆ ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု(AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရ**

**☆ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအောက်မှပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလို**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပဏာမ အဆိုပြုချက်(Global Governance Initiative – GGI) (၅)ချက်ကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပြု(၅)ချက်သည် မိမိအရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြားရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် (၅) ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီး Mr. Xi Jinping ၏ အဆိုပြုချက်အား ထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့မြန်မာနိုင်ငံက “၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(SCO Development Strategy for the Next Decade : 2025–2035)” ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာပြောကြားလိုပါကြောင်း။

အဆွေတော် သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များ အားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးအန္တရာယ် ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြော ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပသတင်းထောက် ၃၀၀၀ ခန့် သတင်းရယူတင်ဆက်လျက်ရှိ

**တီယန်ကျင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယနေ့ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး၌ နိုင်ငံတကာမီဒီယာများနှင့် တရုတ်နိုင်ငံအခြေစိုက် မီဒီယာသမားပေါင်း ၃၀၀၀ မှာ မီဒီယာစင်တာ၌ တက်ရောက်၍ သတင်းရယူတင်ဆက်လျက်ရှိပြီး လွယ်ကူစွာသတင်းရယူတင်ဆက်နိုင်ရေးအတွက် တရုတ်နိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးထားသည်။




အဆိုပါ မီဒီယာစင်တာ၌ သတင်းထောက်များ အချိန်နှင့်တစ်ပြေးညီ သတင်းတင်ဆက်နိုင်ရေး အတွက် ပြင်ဆင်ပေးထားပြီး တရုတ်နိုင်ငံ၏ နည်းပညာများနှင့် ယဉ်ကျေးမှုလက်မှုပညာများကို လေ့လာခွင့်ရရှိရန်စီစဉ်ထားသည်။

မီဒီယာစင်တာ၌ နည်းပညာမြင့် စက်ရုပ်များကိုပါ ထည့်သွင်းဝန်ဆောင်မှုပေးထားပြီး Xiaohe အမည်ရှိ စက်ရုပ်အမျိုးသမီးက သတင်းထောက်များ၏ သိရှိလိုသည်များကို ရှင်းလင်းဝန်ဆောင်ပေးလျက်ရှိသည်။

“စိတ်ဝင်စားစရာကောင်းသလို တရုတ်နိုင်ငံရဲ့ နည်းပညာကဏ္ဍတိုးတက်မှုကိုလည်း တွေ့နိုင်ပါတယ်။ စက်ရုပ်အမျိုးသမီးက သတင်းထောက်တွေ သိလိုတဲ့အချက်အလက်တွေကို ပြောပြတယ်။ သူနဲ့ ဆက်သွယ်ဖို့က သိပ်ကိုလွယ်ကူမှုရှိတယ်။ မီဒီယာစင်တာမှာ အခြားဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေလည်းရှိတယ်။ ရေခဲမုန့်ပြင်ဆင်ပေးတဲ့စက်ရုပ်ရှိသလို၊ လက်အမူအရာကိုကြည့်ပြီး လိုက်ပါလှုပ်ရှားတဲ့ စက်ရုပ်ကိုလည်း မြင်တွေ့ရတယ်။ အချို့စက်ရုပ်တွေက အထုပ်အပိုးတွေကို သယ်ယူမှုသရုပ်ပြပေးနေတယ်။ သတင်းထောက်တွေလိုအပ်တဲ့ အချိုရည်နဲ့ ရေဘူးတွေကိုတော့ စင်တာတစ်ခုလုံးကို လှည့်ပတ်သွားလာပြီး ဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေဆီကနေ အလွယ်တကူယူလို့ရတယ်”ဟု ဥရောပဒေသတွင်းမှ သတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါစင်တာ၌ တိုက်ရိုက်သတင်းတင်ဆက်မှုအတွက် အပြင်အဆင်များ၊ Multi Camera စနစ်များ၊ အလိုအလျောက် သတင်းစာသားရေးထိုးမှုစနစ်များနှင့် သတင်းထုတ်လွှင့်ရန်အတွက် စတူဒီယိုများစွာကို ဖန်တီးအားဖြည့်ထားသည်ကို မြင်တွေ့ရသည်။

ထို့ပြင် Augmented Reality(AR)နှင့် Virtual Reality(VR) ပြခန်းများကိုလည်း တင်ဆက်ပြသထားပြီး သတင်းထောက်များအတွက် နည်းပညာပံ့ပိုးမှုပေးအပ်သွားမည်ဖြစ်သည်။ မြန်နှုန်းမြင့်အင်တာနက်အား မီဒီယာစင်တာတစ်ခုလုံး လွှမ်းခြုံနိုင်စေရန် စီစဉ်ပေးထားသည့်အပြင် သတင်းထုတ်ပြန်ချက်များနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်းများစွာကိုလည်း သတင်းရယူနိုင်ကြသည်။

သတင်းထောက်များအနေဖြင့် မီဒီယာစင်တာ၌ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများကို လေ့လာနိုင်မည်ဖြစ်ပြီး ကိုယ်တိုင်ဝင်ရောက် စမ်းသပ်ပါဝင်နိုင်ကြောင်း သိရသည်။

**ခင်ရတနာ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ယခုထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**☆ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်း ဖလှယ်ဆွေးနွေး**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နေပြည်တော်အတွင်း စပါးစိုက်ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း စပါးစိုက်ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ရေး အစည်းအဝေးနှင့် နေပြည်တော် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးများကို ယနေ့တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက စပါးစိုက်ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲရေး ဆောင်ရွက်နေမှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာ ကွင်းအမှတ်(၁၇၂၁)၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးသော ဓာတ်မြေဩဇာများကို အမှန်တကယ်လိုအပ်သော တောင်သူများ လက်ဝယ်သို့ ရောက်ရှိရေး၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီး ရာသီပြည့် စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြား၍ တောင်သူများအတွက် ဓာတ်မြေဩဇာများ၊ ကျောက်မှုန့်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများကို ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးစပါးစိုက်ခင်းများ ရေဝင်ရောက်မှု အခြေအနေ၊ သကြားစက်ရိုးရေစီးဆင်းမှု အခြေအနေနှင့် ယာမြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲမည့် စိုက်ခင်းများကိုလည်းကောင်း၊ ပေါင်းလောင်းရေလွှဲဆည် (အဝေရာ) အတွင်း ရေဝင်ရောက်မှု အခြေအနေ၊ သဲထုတ်ရေတံခါးနှင့် ပင်မရေကျော်ပေါက်များမှ ရေထုတ်လွှတ်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တီယန်ကျင်းမြို့ရှိ Tengla Hotel မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တီယန်ကျင်းဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ တီယန်ကျင်းဆိပ်ကမ်းမှနေ၍ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများ ပို့ဆောင်လျက်ရှိမှုနှင့် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေများနှင့် AI စနစ်အသုံးပြု၍ ကွန်တိန်နာများကို သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများကို သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့် ယာဉ်များဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသကြသည်။

**တရုတ်နိုင်ငံ၏ ဒေသနှင့် ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိ**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဆိပ်ကမ်းတာဝန်ခံနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

အဆိုပါ တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိက အထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစီပယ်အုပ်ချုပ်ရေး ဒေသ၏ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး Haihe မြစ်အနီး Bohai ပင်လယ်အော် အနောက်ဘက်ကမ်း တီယန်ကျင်းမြူနီစီပယ် အုပ်ချုပ်ရေးဒေသတွင် တည်ရှိကြောင်း၊ အဆိုပါဆိပ်ကမ်းအား တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကထောက်ပံ့နှင့် ပို့ဆောင်ရေး အချက်အချာနေရာအဖြစ် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းအား ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရေနက်ပင်လယ်ဆိပ်ကမ်း (Deep-Water Seaport/ Riverport) အမျိုးအစားဖြစ်ကြောင်း၊ ကုန်းမြေဧရိယာ ၁၂၁ စတုရန်းကီလိုမီတာ အပါအဝင် စုစုပေါင်း စတုရန်းကီလိုမီတာ ၄၇၀ ကျယ်ဝန်းကြောင်း၊ ထုတ်လုပ်ရေးဆိုက်ကပ်နေရာ ၁၄၀ အပါအဝင် ဆိုက်ကပ်နေရာ စုစုပေါင်း ၂၁၇ ခုကျော်ရှိကြောင်း၊ ကွန်တိန်နာများကို တင်ချခြင်းများဆောင်ရွက်ရာတွင် AI စနစ်ကို အသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ တီယန်ကျင်း ဆိပ်ကမ်းသည် ရေအနက် ၂၂ မီတာ(၇၇) ပေရှိပြီး တန်ချိန် သုံးသိန်းရှိ ကြီးမားသော သင်္ဘောကြီးများ ဆိုက်နိုင်ကြောင်း၊ နှစ်စဉ်ကုန်စည်တင်ပို့မှုအနေဖြင့် တန်ချိန်သန်း ၅၀၀ ကျော်နှင့် ကွန်တိန်နာ ၁၃ သန်းကို တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တရုတ်နိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တီယန်ကျင်းဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများအား သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။




**၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ရှိ ခြံစည်းရိုးနှင့် ရေမြောင်းတည်ဆောက်နေမှု၊ ဘောလုံးကွင်းနှင့် ပင်မသုံးထပ်စာသင်ဆောင်သစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ဗိသုကာဌာနဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဘောလုံးကွင်းနှင့် တက္ကသိုလ်ဥပမိရပ်ကောင်းမွန်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။



ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ Polytechnic university (MAUBIN) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့်ပညာရေးကို သင်ကြားပို့ချပေးရန်၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် Polytechnic University (MAUBIN) Faculty of Computing ရှိ ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ် သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပင်းတယမြို့နယ် သမဝါယမအသင်းစုလီမိတက် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။



**ဝိုးတောင်း**

# ဇလွန်မြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဇလွန် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဂျီအီးစီ(ပညာရေး)သမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အထက(၁) ဇလွန် အမျိုးသားဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဂျီအီးစီ (ပညာရေး) သမဝါယမအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေးတို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများအား ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး ရှင်းလင်းချက်များအပေါ် အသင်းသားများက ပြန်လည်ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။ ယင်းနောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားများထံမှ လက်ခံအတည်ပြုချက် ရယူကြရာ တက်ရောက်လာသည့် အသင်းသားများက အတည်ပြုလက်ခံခဲ့ကြသည်။



ထို့နောက် အသင်းသား ၉၅၆ ဦးအတွက် အစုပေါ်အမြတ်ငွေကျပ် ၁၀ သိန်း၊ ရင်းနှီးငွေအပေါ် အကျိုးအမြတ်ငွေကျပ် ၉၅ ဒသမ ၁၆ သိန်း၊ ထည့်ဝင်ငွေပေါ် အကျိုးအမြတ် ငွေကျပ် ၅၄ ဒသမ ၂၆ သိန်း စုစုပေါင်းငွေကျပ် ၁၅၉ ဒသမ ၄၂ သိန်းကို ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၄-၈-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၅) ရက်နေ့၊ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊နာတာရှည်အဆုတ်ရောဂါ၊ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# အများထက် အမှန်ဖြစ်စေချင်သည်

စွမ်းပြည့်

**ကျွန်တော်တို့ မြန်မာပြည်သူအားလုံးက နိုင်ငံကို တိုးတက်စေချင်ကြပါပြီ။ နိုင်ငံတိုးတက်မှုပဲ နိုင်ငံသားတစ်ဦးချင်းစီမှာ ကျွဲကူးရေပါ တိုးတက်လာမှာမဟုတ်လား။ တိုးတက်ဖို့ အခွင့်အလမ်းတွေကတော့ ကျွန်တော်တို့ဆီ ရေးရှူလာနေပြီ၊ အချို့ရလည်းရထားပြီ၊ ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်ဖို့နဲ့ အသုံးချနိုင်ဖို့ပဲလိုနေတာ။ ဒီအတွက် ညှံ့ဖျင်းသူတွေထဲ ကျွန်တော်တို့မပါဖို့လိုတယ်။ အရည်အချင်းရှိဖို့လိုတယ်။ စိတ်ဓာတ်တွေကောင်းဖို့လိုတယ်။ သွားနေတဲ့လမ်းကြောင်းအချိုးအကွေ့တစ်ခုမှာ ရောက်နေတဲ့ အနေအထား၊ ချိုးတတ်မှ ကွေ့တတ်မှ။**

### လွတ်လပ်မှု၊ တရားမျှတမှု၊ စစ်မှန်စည်းကမ်းပြည့်ဝမှု ဟူသည်

နိုင်ငံတိုးတက်ဖို့အတွက် အခွင့်အလမ်းတွေလို့ ဆိုခဲ့ပါတယ်။ တစ်ခုက ရွေးကောက်ပွဲပါ။ လွတ်လပ်ရမယ်၊ တရားမျှတရမယ်၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝရမယ်။ မြန်မာနိုင်ငံသမိုင်းကြောင်းနဲ့တကွ မြန်မာလူမျိုးတို့ရဲ့လက်ရှိဖြစ်တည်မှု၊ ဖြစ်ပေါ်ပြောင်းလဲမှု၊ စရိုက် အနေအထားတွေအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ရွေးကောက်ပွဲ ဆိုတဲ့ ဝေါဟာရသာလျှင် မြန်မာနိုင်ငံနဲ့ အလိုက်ဖက်ဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် မြန်မာတစ်မျိုးသားလုံးရဲ့ အမျိုးသားအကျိုးစီးပွား ကို အခြေခံပြီး နိုင်ငံကိုတည်ဆောက်နေရတဲ့အခြေအနေနဲ့ အချိန်အခါဖြစ်နေလို့ပါပဲ။ ဒီမိုကရေစီရဲ့အခြေခံက ရွေးကောက်ပွဲပဲ ဖြစ်တဲ့အတွက် စစ်မှန်တဲ့ဒီမိုကရေစီကိုလိုချင်ရင် ရွေးကောက်ပွဲတွေ ဟာ လွတ်လပ်ပြီး တရားမျှတမှုရှိရမယ်ဆိုတဲ့အချက်က ပြောစရာ လိုမယ်မထင်ဘူး။

ဒါကြောင့် တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက် တရားမျှတမှုရှိရမယ့် အခြေခံကောင်းတွေကို အချိန်ယူတည်ဆောက်နေခဲ့တယ်။ လုံခြုံတဲ့ ရွေးကောက်ပွဲစက်ဝန်းတစ်ခုဖြစ်ဖို့ နိုင်ငံကိုတည်ငြိမ်အောင် ကြိုးစားတည်ဆောက်ပေးနေတယ်။ တရားဥပဒေစိုးမိုးရေးအတွက် အပြင်းအထန် ဆောင်ရွက်နေရတယ်။ ဒီအတွက် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”** ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့က ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ရည်ရွယ်ချက်က လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့နဲ့ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာ မဲပေးနိုင်ဖို့ အဓိကပဲ။ အခုလိုအချိန်ကာလမှာ တည်ငြိမ်မှုနဲ့ လွတ်လပ်ပြီးတရားမျှတမှုတို့ဟာ အလွန်ကိုအရေးကြီးတဲ့အတွက် ဒီလိုဥပဒေမျိုး ထုတ်ပြန်ရခြင်းဖြစ်တယ်လို့ ယူဆပါတယ်။

**တစ်နည်းအားဖြင့် အတိတ်က မှားခဲ့တဲ့အမှားမျိုးတွေ ထပ်မဖြစ်စေဖို့ သမိုင်းတစ်ပတ်ပြန်မပတ်မိအောင် သတိကြီးစွာထားပြီး ထိန်းကျောင်းနေခြင်းဖြစ်မယ်လို့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ အလေးအနက်ထားပါတယ်။ ဒီအချက်ကို အချို့သောပြည်သူတွေ ရှင်းရှင်းလင်းလင်းဖြစ်စေချင်တယ်။ ရခဲ့တဲ့ဒဏ်ရာကကြီးလွန်းတော့ အနာကျက်အောင် အတော်ကုယူနေရတဲ့အခြေအနေမှာ ပြည်သူတွေ အနေနဲ့ တပ်မတော်က ဘာကြောင့် အာဏာထိန်းခဲ့ရသလဲ၊ ယခုအချိန်မှာ အတော်အတန် သိသင့်နေပါပြီ။ ဘယ်လို ဖြစ်စဉ်ဖြစ်ရပ်ဖြစ်ဖြစ် လတ်တလောအကြောင်းတရားတွေရှိမယ်၊ တရွေ့ရွေ့ဖြစ်တည်လာတဲ့ အခြေခံအကြောင်းရင်းတွေရှိမယ်။ အကြောင်းရင်းအားလုံးအပေါ်မှာ အမြင်တွေရှင်းစေချင်တယ်။ အမြင်တွေမှုန်ဝါးစေတဲ့ လက်ကျန်အမှိုက်သရိုက်တွေကိုလည်း ကူပြီးရှင်းစေချင်တယ်။ ဒါမှ သွားရမယ့် လမ်းကြောင်းက ဖြောင့်ဖြူးနေမှာ၊ သာယာနေမှာဖြစ်တယ်။**

### ပြည်သူတွေထပ်မကြားချင်တော့သည့်စကားလုံး

မဲမသမာမှုဆိုတဲ့စကားလုံးက ပြည်သူတွေ ထပ်မကြားချင်တော့တဲ့စကားလုံးပါပဲ။ ၂၀၂၀ ရွေးကောက်ပွဲက အဖြစ်အပျက်တွေဟာ အင်မတန်ခါးသီးလှပါတယ်။ ယခုလာမယ့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာ ၂၀၂၀ ရွေးကောက်ပွဲလို ကိုယ့်ဘက်လိုက်မယ့် ပါတီအမာခံတွေ ထည့်သွင်းဖွဲ့စည်းလို့ ရပ့ါမလား၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေအားလုံး မျှတမှုရှိအောင် ရေးဆွဲထားပါတယ်။ မဲစာရင်းမှန်ကန်မှုရှိအောင် ဆောင်ရွက်ထားတဲ့အတွက် မဲစာရင်းဖောင်းပွစရာအကြောင်းမရှိဘူး။ မဲဆွယ်စည်းရုံးရာမှာ ဘယ်ပါတီဘက်ကိုမှ အသာစီးမရအောင်၊ မျှမျှတတဖြစ်အောင် စီမံထားမယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ရင် ယခင်ရွေးကောက်ပွဲလို မကျေနပ်လို့ တင်သွင်းတဲ့ ကန့်ကွက်လွှာပေါင်း ၂၈၇ စောင်အထိ ရှိလာစရာအကြောင်းလည်း မရှိနိုင်ဘူး ဆိုတာ သေချာတယ်။ (ယခင်ရွေးကောက်ပွဲမှာ ဒီလိုကန့်ကွက်လွှာ အားလုံးကိုလည်း ဖြေရှင်းပေးဖို့ အစီအစဉ်မရှိခဲ့)။ ရွေးကောက်ပွဲ နယ်မြေစာရင်းမှာလည်း လုံခြုံရေးမကောင်းတဲ့မြို့ကိုတော့ ရွေးကောက်ပွဲ လုပ်ပေးပြီး မိမိပါတီအနိုင်မရနိုင်တဲ့မြို့နယ်တွေကို ချန်လှပ်ခဲ့တာတွေ၊ ဆန္ဒမဲလက်မှတ်တွေကို အမှန်လိုအပ်တဲ့ပမာဏထက် ပိုရိုက်ခဲ့တာတွေ၊ ကြိုတင်မဲပေးရာမှာ အသေအချာမသတ်မှတ်ဘဲ တရားမဲ့ ဆောင်ရွက်ခဲ့တာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့တာတွေ၊ မဲရုံတိုင်းမှာ ဆန္ဒမဲလက်မှတ်တွေ လျော့နည်းပျောက်ဆုံးနေတာတွေ၊ တရားမဝင် အပိုတွေ့ရတဲ့ မဲလက်မှတ်တွေ၊ ဒါတွေအားလုံးက ကြီးမားတဲ့မဲစာရင်းမှားယွင်းမှုနဲ့ မဲမသမာမှုပဲပေ့ါ။

ဒီလိုတွေ့ရှိချက်တွေကို ဖြေရှင်းပေးဖို့ တပ်မတော်က မြန်မာသိ၊ ကမ္ဘာသိ အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်၊ မေတ္တာရပ်ခံခဲ့တယ်။ တာဝန်ရှိသူတွေဘက်က မဖြစ်မနေ ဖြေရှင်းပေးရမှာပဲဖြစ်တယ်။ တပ်မတော်မဆိုထားနဲ့ ပြည်သူတစ်ယောက်ချင်းက တောင်းဆိုရင် လည်း ဖြေရှင်းပေးရမယ့်တာဝန်ရှိတယ်။ မိမိကို လူသိရှင်ကြား သူခိုးလို့ စွပ်စွဲနေပြီလေ။ ဘာလို့ သူခိုးအဖြစ်အစွပ်စွဲခံမလဲ၊ ပြည်သူကို တာဝန်ခံထားရတဲ့အစိုးရဖြစ်တဲ့အတွက် မဟုတ်ရင်မဟုတ်ကြောင်း ဖြေရှင်းပေးရမှာပဲ၊ ဒါမှ တာဝန်ကျေတဲ့ အစိုးရတစ်ရပ်ဖြစ်မှာပေ့ါ။ ဒါကို မဖြေရှင်းခဲ့ကြလို့၊ ဥပဒေအရဖြေရှင်းလို့ရတဲ့အပြင် နိုင်ငံရေးနည်းလမ်း နဲ့ပါ ဖြေရှင်းလို့ရနိုင်တဲ့အခြေအနေတွေ အများကြီးရှိခဲ့ရဲ့သားနဲ့ မဖြေရှင်းခဲ့ကြလို့ ယခုလိုအခြေအနေမျိုးတွေထိ ရောက်ခဲ့ကြရတာ ဖြစ်တယ်။ နိုင်ငံက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကူးပြောင်းနေတဲ့အချိန်၊ သတိကြီးစွာထားရမယ့် အခြေအနေမျိုးဆိုတာကို သိနားလည်ခဲ့သင့်တယ်။ ပြည်သူအကျိုးကိုပဲ ရှေးရှုခဲ့သင့်တယ်လို့ မြင်တယ်။ အဲဒီအချိန်၊ အဲဒီကာလ ဘာကြောင့်များ ဖြေရှင်းမပေးခဲ့တာလဲ၊ ရလဒ်တစ်ခုချည်းအခြေခံပြီး ဘာကြောင့် လွှတ်တော်ခေါ် အစိုးရဖွဲ့ဖို့ကြံစည်ခဲ့တာလဲ၊ မှားခဲ့ကြတယ်၊ ပြည်သူကော နိုင်ငံပါ အလွန်နစ်နာခဲ့ကြတယ်။

### အများထက်အမှန်ကိုယူစေချင်

**ဒီအကြောင်းတွေ ထပ်ကာပြန်လှန်နေရခြင်းအကြောင်းက အဓိက သင်ခန်းစာယူစေချင်လို့၊ ဒီလိုခါးသီးမှုတွေ ထပ်မကြုံချင်တော့လို့ပါ။ ဖြစ်ခဲ့ရတဲ့အကြောင်းတရားတွေနဲ့ဆက်စပ်ရင် ဆင်ခြင်ရမယ့်အရာများစွာရှိနေတယ်။ ထိုစဉ်က အာဏာရပါတီကြီးက ရလဒ်အပေါ် အလွန်အမင်းအားကိုးခဲ့ပုံရတယ်။ ဘာလုပ်လုပ် အများဆန္ဒကို လက်ကိုင်ထားခဲ့တယ်။ အများဆန္ဒဆိုတာတော့ အကြမ်းဖျင်းမှန်ပါတယ်။ ဒါပေမဲ့ ပြဿနာနောက်ဆက်တွဲများစွာနဲ့ ထွက်လာတဲ့ရလဒ်မျိုးက လိုချင်တဲ့အမှန်ဖြစ်နိုင်ပါ့မလား။ အများထက်အမှန်ဖြစ်ဖို့ စဉ်းစားခဲ့သင့်တယ်။ HR လုပ်ငန်းစဉ်မှာ Performance Management ကို စဉ်းစားသလိုပေ့ါ။ ရလဒ်အပြင် ဒီရလဒ်ရအောင် ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာကိုပါ စဉ်းစားရမှာ၊ Result ချည်းပဲမကြည့်ဘဲ Behaviour ကိုပါ စဉ်းစားမှ အဖြေမှန်ထွက်မယ့်သဘော၊ ရလာတဲ့အကျိုးချည်းမယူဘဲ ဆောင်ရွက်ခဲ့တဲ့ပုံစံနဲ့ နည်းလမ်းကိုပါမြင်မှ အားလုံးကို ကိုယ်စားပြုတယ်ဆိုတဲ့သဘော သက်ရောက်တယ်၊ ဒီအချက်က ဒီမိုကရေစီရဲ့သဘောပဲ။ ကျွန်တော်တို့နိုင်ငံလို ဒီမိုကရေစီ သက်တမ်းနုနယ်သေးတဲ့အချိန်မှာ ဒီအချက်က ပိုအရေးကြီးပါတယ်။**

ဒါကြောင့် အများရလဒ်၊ အများဆန္ဒချည်းပဲမပြောပါနဲ့။ အနည်းစုကိုပါ ကိုယ်စားပြုရမယ်လို့ ဆိုလိုတာပါ။ ဒီ Concept ပျောက်သွားရင် ကိုယ်သွားနေတဲ့လမ်းကြောင်းကနေ လမ်းပျောက်သွားတတ်တယ်။ အထူးသဖြင့် ဒီမိုကရေစီကျင့်စဉ်မှာ အယူအဆတစ်ခုလွဲရင် အားလုံး လိုက်လွဲကုန်မှာ၊ မှတ်မိမယ်ထင်တယ်၊ ရွေးကောက်ပွဲအကြိုကာလ တစ်နိုင်ငံလုံး ရာနှုန်းပြည့်အနိုင်လိုချင်လို့ ဘယ်လိုနည်းနဲ့ပဲနိုင်နိုင်၊ အနိုင်ရရမယ်ဆိုတဲ့ မူဝါဒဆန်ဆန်လိုလားချက်မျိုး၊ ဒီလိုအယူအဆက အလွန်အန္တရာယ်များတယ်။ ဒီလို အယူမရှိခဲ့ရင်ကောင်းမယ်။ ဒီတိုက်တွန်းချက်ကပဲ လမ်းမှားကို ရွေးချယ်မိသလိုဖြစ်စေခဲ့တာ။ မသမာမှုတွေဖြစ်စေခဲ့တယ်လို့ ယူဆမိတယ်။ မှန်ပါတယ်၊ ကျွန်တော်တို့ မဲမသမာမှုဖြစ်ခဲ့ကြတယ်၊ လမ်းမှားကို တွန်းပို့ခြင်းခံခဲ့ရတယ်။ ထိပ်တိုက်တွေ့ရေးလမ်းစဉ်ကို ရွေးချယ်ခဲ့ကြတယ်။ အကြောင်းရင်းတွေကို ထပ်ဆင့် ထပ်ဆင့် ဆက်စပ်ကြည့်ရင် မကောင်းတဲ့ ဒီလမ်းစဉ်ဘက်ကိုပဲ တမင်တွန်းပို့လိုက်သလား အောက်မေ့ရတယ်။ ဒီလမ်းဆိုး လမ်းမှားတစ်လျှောက်ပဲ ကျွန်တော်တို့ဆီကလူငယ်တွေ ပျော်ပျော်ကြီး လိုက်ခဲ့ကြတယ်။ ဝမ်းနည်းစွာနဲ့ နိုင်ငံရေးသားကောင်တွေဖြစ်ခဲ့ကြရတယ်။

ပြောရရင် ယခုလိုအချိန်၊ ယခုလိုခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုမှာ နောက်ထပ် နောက်ထပ် အမှားတွေ ထပ်မဖြစ်စေချင်တဲ့စေတနာကို တွေ့နေရတယ်။ လွှတ်တော်ထဲမှာ ပါတီကိုယ်စားလှယ် အသွေးအရောင်စုံပါဝင်နိုင်အောင် အခင်းအကျင်းသစ်နဲ့ တတ်နိုင်သမျှ ဖန်တီးပေးထားတယ်။ ပွင့်လင်းမြင်သာမှုရှိပြီး ပိုမိုမြန်ဆန်တဲ့ IT အခြေခံ MEVM စနစ်ကို ကျင့်သုံးမယ်။ နောင်အမေရိကန်ရွေးကောက်ပွဲမှာတောင် တရားမျှတဖို့အတွက် စက္ကူမဲအစား စက်ကိုအသုံးပြုဖို့၊ လူဦးရေစစ်တမ်းကောက်ဖို့တွေကို စီစဉ်နေပြီလို့ သိရတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရွေးကောက်ပွဲမှာ ယခုကတည်းက ရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်နေကြတာကို တွေ့နေရတယ်။ ရွေးကောက်ပွဲပြီးလည်း ထပ်ဖျက်ဦးမယ့်သဘော။ အဖျက်အင်အားစုတွေက တောက်လျှောက်ရှိနေတယ်။ သူတို့လိုချင်တာ ဒီမိုကရေစီလည်းမဟုတ်၊ တိုင်းရင်းသားအရေး ဖက်ဒရယ်အရေးလည်းမဟုတ်၊ တိုင်းပြည်ကြီး အလုံးစုံပျက်သုဉ်းရေးပဲဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် ရွေးကောက်ပွဲအမှားကို စောင့်နေမယ့်သူတို့ရဲ့အကြံကို ပြည်သူတွေ သတိရှိနေဖို့လိုပါတယ်။

စာမျက်နှာ ၉ သို့ *

✻ စာမျက်နှာ ၈ မှ

အဓိကအချက်က ရိုးသားမှုနဲ့ တရားမျှတမှု ပါပဲ။ ပြန်ပြီးသုံးသပ်ရရင် ကျွန်တော်တို့နိုင်ငံရဲ့ ပဋိပက္ခသံသရာကြီး အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခကို ဆွဲဆန့်ဖို့ ရွေးကောက်ပွဲကို အကြောင်းပြကြမှာ ပြည်သူတစ်ယောက်အနေနဲ့ စိုးရိမ်မိတာပဲ။ နိုင်ငံတော်က တိုင်းပြည်ငြိမ်းချမ်းပြီး သာယာဝပြောဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက ရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲလုပ်ဖို့ ကြိုးစားဆောင်ရွက်နေပေမယ့် ဆန့်ကျင်ဘက်တွေရဲ့ မရိုးသားမှုကိုတော့ သံသယဖြစ်မိတာအမှန်ပဲ။ ရွေးကောက်ပွဲကနေ ဖက်ဒရယ်နဲ့ ဒီမိုကရေစီသွားနေတာဆိုတော့ ဆန့်ကျင်ဘက်တွေဆီက ဖက်ဒရယ်အကြောင်းပြစရာလည်းမရှိနိုင်၊ ဒီမိုကရေစီအကြောင်းပြချက်လည်းရှိတော့မှာ မဟုတ်ဘူး။ ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွက်လာရင် အာဏာရှင်အကြောင်းပြစရာလည်း ရှိတော့မှာမဟုတ်ဘူး။

အဓိကအကြောင်းရင်းက လက်နက်ကိုင်တွေအနေနဲ့က လက်နက်ကို တစ်သက်လုံး ဆက်ကိုင်ထားချင်တာ၊ စစ်ဘုရင်ဝါဒကို ဆက်ထူထောင်ချင်နေတာပဲ။ လက်နက်ဖြုတ်သိမ်းပြီး နိုင်ငံရေးလမ်းကြောင်းပြောင်းဝင်ဖို့ လွှတ်တော်တွင်း တောင်းဆိုချက်တွေ ဖြစ်လာမှာ လက်နက်ကိုင်တွေအလွန်ကြောက်ကြတယ်။ လိုရင်းကတော့ မြန်မာနိုင်ငံက လက်နက်ကိုင်တွေဆိုတာဟာ ငြိမ်းချမ်းရေးကို မလိုလားကြဘူးဆိုတဲ့အဖြေပဲထွက်လာနေတယ်။ တတ်နိုင်သမျှတော့ နိုင်ငံတော်အစိုးရကော၊ တပ်မတော်ကော၊ ပြည်သူကပါ အဆုံးစွန်အထိ သည်းခံမှာပဲ။ အမုန်းသံသရာမရှည်အောင်ကြိုးစားမှာပဲ။ နိုင်ငံ့အကျိုးစီးပွား အမျိုးသားရေးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ကြမှာပဲ။ ဘာကြောင့်လဲဆို အကြောင်းအကျိုးဖြစ်စဉ်တွေကို သိထားတဲ့အတွက်၊ ဒါကြောင့် အများဆန္ဒချည်းလည်းမဟုတ်၊ အနည်းစုလိုလားချက်ပါ အလေးထားပြီး ရေရှည်အကျိုးစီးပွားအတွက် မှန်တာဟာလည်း အဓိကဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ။

## အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ မြန်မာဘာသာသို့ ပြန်ဆိုအတည်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၂/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အောက်ပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bills of Lading Act
(ခ) The District Cesses Act
(ဂ) The Fatal Accidents Act
(ဃ) The Myanmar Passport Act
(င) The Poisons Act
(စ) The Religious Societies Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ပြင်ဦးလွင်မြို့၌ သုတေသနနည်းပညာ သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် စက်တင်ဘာ ၁**

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် သုတေသနနည်းပညာ (Research Methodology) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) သုတေသန လေ့ကျင့်ရေးဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**



သင်တန်းဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီး ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး၊ ကုသရေး ဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းမှ သင်ကြားပို့ချလိုက်သည့် သုတေသန နည်းပညာနှင့် ကျင့်ဝတ်များကို အသုံးချကာ သုတေသန စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ပါရဂူဘွဲ့ သင်တန်းသားများ ပြုစုတင်သွင်းမည့် ဘွဲ့လွန်ကျမ်းများမှ ရရှိမည့် သုတေသနတွေ့ရှိချက် ရလဒ်များကို အသုံးချပြီး ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများ အဖြေရှာရာ၌ အသုံးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)ရှိ သုတေသန လေ့ကျင့်ရေးဗဟိုဌာန၏ စာသင်ဆောင်များ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ တက်ရောက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များမှ ပါရဂူဘွဲ့ သင်တန်းသား ၆၃ ဦးအား ဆေးသုတေသန ဦးစီးဌာနမှ ဝါရင့်သုတေသီများက Research Methodology ဆိုင်ရာများကို သင်ကြား ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းသားများကို အုပ်စု ခြောက်ခုခွဲကာ သင်တန်းကာလ သုံးရက်အပြီးတွင် သုတေသန အဆိုပြုလွှာများတင်သွင်းပေးကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆီဆိုင်မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ရက် နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ မြန်မာ့စီးပွားရေးဘဏ်(ဆီဆိုင်) ပြန်လည်ဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တပ်မတော်မှ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာ စကားပြောကြားရာတွင် နယ်မြေဒေသအခြေအနေအရ ယာယီရပ်ဆိုင်းထားခဲ့ရသည့် ဆီဆိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအား ယခုလိုပြန်လည်ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်းနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာထုတ်ယူမှုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၏ လစာ ထုတ်ယူမှုတို့ကို အဆင်ပြေစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသားကျောင်းသူ အကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဘဏ်အတွင်း၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့်မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းများ၊ နိုင်ငံသား ပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်းစသည့် ခေါင်းစဉ်ငါးခုကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက လန်းဆန်းနိုးထ ဉာဏ်စမ်း အစီအစဉ်အဖြစ် Energizer Quiz များကို ပါဝင်ဖြေကြားကြပြီး အဖွဲ့လိုက် ဆွေးနွေးထားသော ဆွေးနွေးချက်များကို ကိုယ်စားပြုလူငယ်တစ်ဦးစီက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက လူငယ်အမြင်နှင့် ဆန္ဒစစ်တမ်းကို ဖြေဆိုကြပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက အနာဂတ် တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်- ၂၀၂၅ ကြေညာစာတမ်း(မူကြမ်း)ရေးဆွဲမှု၊ ဖိုရမ်ဆင်းလူငယ်ကွန်ရက်ဖွဲ့စည်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ် ၁၅ ဦးတို့က အနာဂတ် တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များ အတွက် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုတို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက်ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဖိုရမ်ကိုရုပ်သိမ်းလိုက်သည်။

ဖိုရမ်အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ခင်းကျင်းပြသထားသည့် MSME အရောင်းပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲအခမ်းအနားတွင် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားစဉ်။





ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။




မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ်များက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားစဉ်။

## ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ရဲတံခွန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ရဲတံခွန်ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အမှတ်(၃၉) ရပ်ကွက် ဓမ္မသိဒ္ဓိဓမ္မာရုံ၌ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမြထွေးက အသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားသည်။

**ထုတ်ပေး**

ထို့နောက် တက်ရောက်လာသော အသင်းသားများအား အသင်းသားအကျိုး ဝေစု၊ အစုပေါ် အမြတ်များကို ထုတ်ပေးခဲ့ကြောင်း သိသည်။

**မြင့်မြင့်ရီ**

## လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KIA EV 5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion V အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Super Seven Stars Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် IM-LS7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်း ထုတ်ပြန်ခဲ့သည်။

အဆိုပါဖိုရမ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ လူငယ်အချင်းချင်း အပြန်အလှန် လေးစားမှု၊ အတူတကွ ပညာရှာမှီးမှု၊ အတူတကွ တီထွင်ဖန်တီးမှုများဖြင့် နိုင်ငံတော်၏ အနာဂတ်ကို အရောက်လှမ်းကြမည်ဟု သန္နိဋ္ဌာန်ပြု ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်းကို အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုး၍ လုံခြုံမှုရှိသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသဟဇာတရှိသော နိုင်ငံတစ်ခုကို တည်ဆောက်ကြရန် ရည်ရွယ်သည်။

အဆိုပါ ကြေညာစာတမ်းတွင် ပညာရေးနှင့် ဗဟုသုတကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ၊ တန်းတူညီမျှမှုနှင့် လူမှုဝန်းကျင်တည်ငြိမ်မှုကဏ္ဍ၊ ဒီမိုကရေစီနှင့် အရည်အချင်းရှိသော ဦးဆောင်မှုကဏ္ဍ၊ လူငယ်များနှင့်တာဝန်ယူမှုကဏ္ဍစသည့် မြန်မာလူငယ်များ၏ ရည်မှန်းချက်များ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူငယ်ဆိုတာ နိုင်ငံရဲ့ အနာဂတ်ကြယ်ပွင့်တွေဖြစ်တဲ့အတွက် လူငယ်ကောင်းရင် နိုင်ငံကောင်းပါတယ်။ လူငယ်တွေ အရည်အသွေးမြင့်ရင် မြင့်သလို တိုင်းပြည်ရဲ့ အနာဂတ်ဟာလည်း မြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မယ့် ဖိုရမ်တစ်ခုဖြစ်ပါတယ်။

**မောင်နဒီရှိုင်း**

လူငယ်ထု၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ဆီသို့ လှမ်းချီနိုင်ရေးအတွက် တိုင်းရင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားလာစေရေး ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်ထု၏ ကိုယ်ရည်ကိုယ်သွေး၊ ခေါင်းဆောင်မှု၊ စွန့်ဦးတီထွင်လိုစိတ်တို့ကို နိုင်ငံတော်က အလေးထားဖော်ထုတ်မှုတစ်ခုအဖြစ် လူငယ်ဖိုရမ်များကို ကျင်းပပေးလျက်ရှိရာ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**
**ဓာတ်ပုံ - ကျော်ဇော်**

ဖိုရမ်၌ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းရိုးသားမှု၊ ရိုင်းပင်းကူညီတတ်မှုနှင့် ထူးခြားဆန်းသစ်သည့် အတွေးအမြင်တို့ကို ပေါင်းစည်းခွင့်၊ နားလည်သိမြင်ခွင့်ရရှိခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ်များ၏ အတွေးအမြင်များကို စုစည်း ဖော်ပြလိုက်ရပါသည်။



မပြည့်ပြည့်နိုင်



မောင်နဒီရှိုင်း



မသန့်သီရိဦး



မောင်အောင်ခန့်ညီ



ဦးမျိုးမြင့်အောင်

**မပြည့်ပြည့်နိုင်**
**(တနင်္သာရီတိုင်းဒေသကြီး)**

ဖိုရမ်ကိုကျင်းပတဲ့ ရည်ရွယ်ချက်က အင်မတန်ကောင်းမွန်ပါတယ်။ ကမ္ဘာ့စီးပွားရေးအမြင်၊ ပထဝီနိုင်ငံရေးနဲ့ ကမ္ဘာကြီးမှာပြောင်းလဲနေတဲ့ နိုင်ငံရေးအကြောင်းတွေကို သိမြင်စေဖို့ ကျင်းပခြင်းဖြစ်တာကြောင့် လူငယ်တစ်ဦးအနေနဲ့ အသိပညာ၊ ဗဟုသုတတွေ ရရှိစေပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ပထဝီစီးပွားရေးအပါအဝင် နိုင်ငံရေးအခြေအနေကို ပညာရှင်တွေက ဆွေးနွေးတာ ဖြစ်တဲ့အတွက် လူငယ်တွေအနေနဲ့ နိုင်ငံမှာ ဘာတွေလိုအပ်သလဲ၊ ဘာတွေပြင်ဆင်ရမလဲ၊ ဘယ်အခန်းကဏ္ဍကနေ ပါဝင်ရမလဲဆိုတဲ့ အတွေးအမြင်တွေကို ရရှိစေပါတယ်။ တနင်္သာရီတိုင်း ဒေသကြီးမှာ ထားဝယ်ရေနက်ဆိပ်ကမ်းရှိတဲ့အတွက် ဒေသဖွံ့ဖြိုးမှုကနေ နိုင်ငံ့စီးပွားရေးတိုးတက်ဖို့ ရောင်ခြည်သန်းနေပြီလို့ ပြောလို့ရပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေဖို့ ဖိုရမ်က ရရှိတဲ့ အတွေးအမြင်တွေကို ပြန်လည်မျှဝေသွားမှာ ဖြစ်ပါတယ်။

**မောင်နဒီရှိုင်း**
**(စစ်ကိုင်းတိုင်းဒေသကြီး)**

ဒေသပေါင်းစုံက ညီအစ်ကိုမောင်နှမတွေအားလုံး တွေ့ဆုံခွင့်ရတဲ့အတွက် စိတ်ကြည်နူးစရာကောင်းပါတယ်။ ဒေသတစ်ခုနဲ့တစ်ခု ချစ်ကြည်ရင်းနှီးမှု၊ နွေးထွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ရရှိစေပါတယ်။ ဖိုရမ်ကနေ လူငယ်တွေအနေနဲ့ ပထဝီစီးပွားရေးဆိုင်ရာတွေမှာ ရှုမြင်သုံးသပ်နိုင်ပြီး နိုင်ငံကိုအကျိုးပြုနိုင်မှာပါ။ စစ်ကိုင်းတိုင်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် နည်းပညာနဲ့ ပေါင်းစပ်ပြီး ထုတ်လုပ်မှု၊ ခရီးသွားကဏ္ဍနဲ့ အခြားသော စီးပွားရေးလုပ်ငန်းကဏ္ဍတွေတိုးတက်အောင် လူငယ်တွေအနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူငယ်ဆိုတာ နိုင်ငံရဲ့ အနာဂတ်ကြယ်ပွင့်တွေဖြစ်တဲ့အတွက် လူငယ်ကောင်းရင် နိုင်ငံကောင်းပါတယ်။ လူငယ်တွေ အရည်အသွေးမြင့်ရင် မြင့်သလို တိုင်းပြည်ရဲ့ အနာဂတ်ဟာလည်း မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မယ့် ဖိုရမ်တစ်ခု ဖြစ်ပါတယ်။

**မသန့်သီရိဦး**
**(မကွေးတိုင်းဒေသကြီး)**

လူငယ်တွေအနေနဲ့ နိုင်ငံတိုးတက်ဖို့အတွက် အရေးပါတဲ့ ကဏ္ဍမှာ တည်ရှိနေတယ်ဆိုတာ သိပေမယ့် အခုလို ဖိုရမ်ကို တက်ရောက်ခွင့်ရတဲ့ အတွက် ဘယ်လိုလက်တွေ့ကျကျ အသုံးချပြီး အတွေးအခေါ်တွေကိုထုတ်ဖော်ရမလဲဆိုတဲ့ နည်းလမ်းတွေကို ရပါတယ်။ ဒေသအသီးသီးက လူငယ်တွေရဲ့ စကားသံတွေ၊ ခံစားမှုတွေ၊ မြေပြင်အခြေအနေတွေကို သိရပြီး မိတ်ဆွေအသစ်တွေ ရရှိစေတဲ့ ဖိုရမ်တစ်ခုလည်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးက မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးဖြစ်ပြီး ရေနံထွက်တဲ့ဒေသလည်း ဖြစ်ပါတယ်။ လူငယ်တွေရဲ့ အတွေးအခေါ်နဲ့ တီထွင်ကြံဆမှုတွေကို ဖော်ဆောင်ပေးတဲ့ လူငယ်ဖိုရမ်ကနေ မိမိဒေသဖွံ့ဖြိုးဖို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ဖို့ ခွန်အားသစ်တွေလည်း ရရှိစေပါတယ်။ မြေပြင်က ပကတိလိုအပ်ချက်ကို သိရှိနိုင်တဲ့အပြင် နိုင်ငံရဲ့ အနာဂတ်အတွက် ဘယ်လို ဖြည့်ဆည်းဆောင်ရွက်ပေးရမလဲဆိုတဲ့ အတွေးအမြင်တွေကို ရရှိစေပါတယ်။

**မောင်အောင်ခန့်ညီ**
**(နေပြည်တော်ကောင်စီနယ်မြေ)**

အရင်က ကျွန်တော် ပူးပေါင်းဆောင်ရွက်မှုမှာ အားနည်းခဲ့ပါတယ်။ ဖိုရမ်နှစ်ရက်တာကာလအတွင်း တိုင်းရင်းသား မောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရပြီး ကိုယ်တိုင်ပါဝင်ဆွေးနွေးမှုကနေ ပြောရဲဆိုရဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ရှိလာတယ်။ ဒီလို ကိုယ်ရည်ကိုယ်သွေးတွေက လုပ်ငန်းခွင်ဝင်ရောက်တဲ့အခါ အထောက်အကူပြုစေမှာ ဖြစ်သလို ဘယ်အရာကမှန်ပြီး ဘယ်အရာက မှားတယ်ဆိုတဲ့ ဝေဖန်ပိုင်းခြားနိုင်တဲ့ အတွေးအမြင်ကိုလည်း ရရှိစေပါတယ်။ ဖိုရမ်မှာ ဆွေးနွေးမှုတွေကနေ လက်တွေ့ အသုံးချနိုင်တဲ့အထိ အကျိုးကျေးဇူး ရရှိခဲ့ပါတယ်။ နိုင်ငံတော်အဆင့် ကျင်းပပေးတဲ့ အခုလိုဖိုရမ်တွေကို လူငယ်ထုတစ်ရပ်လုံး တက်ရောက်လေ့လာဆွေးနွေးသင့်ပါတယ်။ လူငယ်တွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေပြီး နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေတဲ့ ဖိုရမ်တစ်ခု ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင် (ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး)**

အခုဖိုရမ်ကို တက်ရောက်လာကြတဲ့ လူငယ်တွေအနေနဲ့ အသေးစား၊ အလတ်စား MSME လုပ်ငန်းတွေကို သိရှိနိုင်ဖို့ စာအုပ်/စာပေအပါအဝင် အမျိုးအစားပေါင်းစုံတဲ့ ဆိုင်ခန်းပေါင်း ၃၀ ကျော်ကို ပြသထားပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားက MSME လုပ်ငန်းဖြစ်ပါတယ်။

MSME လုပ်ငန်းတွေ ဈေးကွက်ရရှိဖို့ အဓိကဖြစ်တာကြောင့် ဈေးရောင်းပွဲသာမက အက်ပလီကေးရှင်းတွေပါ အသုံးပြုပြီး ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ပွင့်လင်းရာသီ ရောက်လာရင် ပြည်သူ့ရင်ပြင်မှာ လစဉ် Talk show တွေ၊ ဈေးရောင်းပွဲတော်တွေ ကျင်းပပြီး MSME ချေးငွေအတွက် ဘဏ်တွေနဲ့ ချိတ်ဆက်လို့ရအောင် စီစဉ်ပေးတာတွေလည်းရှိပါတယ်။

လူငယ်တွေကို အသေးစားကနေ အကြီးစားစက်မှုလုပ်ငန်းကို သွားတဲ့ လုပ်ငန်းစဉ်တွေကို သိရှိနိုင်အောင်နဲ့ ရန်ကုန်မြို့ရဲ့ အမှတ်တရလက်ဆောင်တွေကို တစ်နေရာတည်းမှာ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားတာလည်း ဖြစ်ပါတယ်။ ဖိုရမ်ကို တက်ရောက်လာကြတဲ့ လူငယ်တွေဟာ စည်းကမ်းတကျနဲ့ တက်တက်ကြွကြွ လှုပ်ရှားမှုကို တွေ့ရပြီး သုံးရက်တာ ကာလမှာလည်း သူတို့သိချင်တဲ့ မေးခွန်းတွေကို ပညာရှင်တွေထံ အားပါးတရ မေးမြန်းတာတွေ တွေ့ရတာက အားရစရာပါ။ အခုလို ဖိုရမ်မျိုးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တစ်နှစ်ကို တစ်ကြိမ် ဆောင်ရွက်ပေးနိုင်ရင် လူငယ်တွေအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမှာပါ။

# သမိုင်းဝင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းအား KBZ GROUP မှ ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရန်အမည်ပေါက် မြေကွက်ကိုးကွက် ဂုဏ်ပြုချီးမြှင့်




**တောင်ကြီး စက်တင်ဘာ ၁**

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့၌ ကျင်းပခဲ့သည့် Esports အားကစား ကမ္ဘာ့ဖလားပြိုင်ပွဲ ၂၀၂၅ တွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သော သမိုင်းဝင် မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အသင်းကို KBZ GROUP မှ တောင်ကြီးမြို့၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရန်အမည်ပေါက် မြေကွက်ကိုးကွက်အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ချန်ပီယံ Esports အားကစားသမားများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် Esports ဝါသနာရှင်လူငယ်များ တက်ရောက်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက က Yangon Galacticos အားကစားအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ Esport အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အောင်ပွဲရ လူငယ်အားကစားသမားများ တစ်ဦးချင်းစီအတွက် တောင်ကြီးဂါးဒင်းစီးတီး(Taunggyi Garden City) မှ ပေ ၄၀ x ပေ ၆၀ အကျယ်ရှိ ဂရန်မြေကွက်ကိုးကွက်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို KBZ BANK၊ KBZPay နှင့် KBZ GROUP တို့မှ ၂၀၁၈ ခုနှစ်မှစတင်ကာ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆုရရှိစေရန်အတွက်လည်း တစိုက်မတ်မတ် ထောက်ပံ့ကူညီပေးခဲ့ရာ ယနေ့အထိ ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာ့ခြင်းလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယနေ့ယှဉ်ပြိုင်သည့်ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့နယ် အားကစားရုံနှင့်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွင်းအတွင်းရေများ ဝင်ရောက်နေမှုကို ဒေသအာဏာပိုင်များနှင့် တင်ပြစီမံ၍ စည်ပင်ရေနုတ်မြောင်းအတွင်းသို့ စီးဝင်နိုင်စေရန် ကိစ္စရပ်များ၊ ဘောလုံးကွင်းမြေသားပြုပြင်မှုကို မကြာမီကျင်းပမည့် ပြိုင်ပွဲမတိုင်မီ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ အားကစားရုံအတွင်း ဘတ်စကက်ဘောအားကစားကွင်းအား အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်နိုင်ရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇဟန်းမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ရွှေနန်းယန်ခန်းမတွင် ယနေ့နံနက် ၉ နာရီက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။



ဦးစွာ ကမာရွတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေးက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ လုပ်ငန်းစဉ်များ အကြောင်း ဆွေးနွေးတင်ပြသည်။ ယင်းနောက် ဇဟန်းမြို့နယ် ဥပဒေအရာရှိ ဒေါ်ဆုပြည့်ကျော်က ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယို click နှစ်ခုကို ဖွင့်လှစ်ပြသပြီး ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေး ဥပဒေများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ ဒုတိယရဲအုပ်လင်းထွဋ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# တောင်ကြီးမြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် ပန်းတောကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမ အသင်းလီမိတက်မှ နွေစပါး ရိတ်သိမ်းမှုကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက နွေစပါး ရိတ်သိမ်းနေသည့် ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ စပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ကေလျှင် တင်း ၁၂၀ ထွက်ရှိကြောင်း၊ အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမ အသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး တောင်ကြီးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမကဏ္ဍမှ စီမံကိန်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား ပြုပြင်ရေးအဖွဲ့အား KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၁**

KNU နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည် စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း ခိုအောင်းနေထိုင်ပြီး ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ယာဉ်များအား မီးရှို့ဖျက်ဆီး၍ အဆိုပါလမ်းကြောင်းကို နှောင့်ယှက်ပိတ်ဆို့ခြင်း၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ် ပေ ၄၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကော့နွဲ့တံတားအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး အများပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကော့နွဲ့တံတား ပြန်လည်ပြုပြင်ရေးတံတား အထူးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် အင်ဂျင်နီယာတစ်ဦးနှင့် လုပ်သား ၂၆ ဦးတို့သည် တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက တံတား၏ အနောက်မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာရှိ ပျားပင်ကျေးရွာနေရာနှင့် တံတား၏ တောင်ဘက် မီတာ ၃၇၀၀ ခန့် အကွာရှိမြို့ဟောင်းကျေးရွာနေရာတို့မှ Suicide Drone နှစ်စင်းဖြင့် တံတားလုပ်ငန်း ဆောင်ရွက်နေသူများအား တိုက်ခိုက်ခဲ့သဖြင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေသည့် အမျိုးသားတစ်ဦး သေဆုံးကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာ ရရှိသူများအား ကော့ကရိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကနဦး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ ဘားအံမြို့ရှိ တောင်ကလေးဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသော လမ်း၊ တံတားများအား ဖျက်ဆီးခြင်းသည် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို များစွာထိခိုက်နစ်နာစေလျက်ရှိသဖြင့် ဒေသခံပြည်သူလူထုကလုံးဝ လက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက် သမားများအား အရေးယူတုံ့ပြန်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့နွဲ့တံတား ပြုပြင်နေသည့်အဖွဲ့အား Suicide Drone ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomp ချတိုက်ခိုက်မှု။





မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား ပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomp ချတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် Suicide Drone မှတ်တမ်းဓာတ်ပုံ။



ဆန်းလင်းထွန်း
(ဗုံးသီးစ ညာပခုံး/ ဘယ်လက်မောင်း ထိမှန်)



ဝင်းမင်းထွန်း
(ဗုံးသီးစ ဦးခေါင်းထိမှန်ခြင်း နှင့် ဘယ်လက်ထိမှန်ခြင်း)



ကောင်းမြတ်ကို
(ဗုံးသီးစ ရင်ဘက်ထိမှန်)



ကိုပြည့်
(ဗုံးသီးစ နောက်ကျော ဖောက်ဝင် သေဆုံး)



ကျော်စိုးအောင်
(ဗုံးသီးစ ဘယ်လက်မောင်း ဖောက်ဝင်)

# ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်နင်းမိုင်း နင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦးဒဏ်ရာရရှိ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးပြီး ကလေးမိဘများမှာ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာနေ ဦးကိုဦး၊ ဇနီးဖြစ်သူ မဇာခြည်မိုးနှင့် သားဖြစ်သူ အသက်နှစ်နှစ်အရွယ် မောင်မြင့်အောင်တို့ မိသားစုသုံးဦးသည် ကလိန်အောင်မြို့မှ ဈေးဝယ်၍ ပြန်လည်ထွက်ခွာလာစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းချောင်းကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးသို့အရောက်၌ အကြမ်းဖက်သမားများက အများပြည်သူ အဓိကသွားလာလျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးကို သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားသဖြင့် အဆိုပါလမ်းမကြီးဘေးဘက်မှ ရှောင်ကွင်းမောင်းနှင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် အသက် နှစ်နှစ်အရွယ် သားဖြစ်သူမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ပင်သေဆုံးခဲ့ပြီး မိဘများဖြစ်သည့် ဦးကိုဦးနှင့် မဇာခြည်မိုးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား လူမှုကူညီရေးအသင်းများက မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသော ဆက်သွယ်ရေး လမ်းကြောင်းများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ပြည်သူများထိခိုက်သေဆုံးမှုများဖြစ်ပေါ်စေရန် မိုင်းများထောင်ခြင်း၊ ချိန်ကိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် အရပ်ဘက် မော်တော်ယာဉ်များကို အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့်လမ်း၊တံတားများ ပျက်စီး၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ ကလေးသူငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများမှာ သေဆုံး/ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါအကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ရေဖြူမြို့နယ် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက လမ်းများပိတ်ဆို့၍ မိုင်းထောင်ထားမှုကြောင့် ဒေသခံပြည်သူများ မိုင်းနင်းမိကာ သေဆုံး၊ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့်နင်းမိုင်း နင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိကာ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



✪ **အမရပူရမြို့နယ်မှ**

ထုံးဘို-စစ်ကိုင်းကားလမ်း အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ 7 star လက်ဖက်ရည်ဆိုင်အနီးသို့အရောက်၌ မော်တော်ယာဉ်ငယ်နှင့် ဆိုင်ကယ်တို့ကို ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ အနီးရှိ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ရာ မော်တော်ယာဉ်ခေါင်းခန်းမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ်ငါးစီးတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြရာ နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လက်ဖက်ရည်ဆိုင်အတွင်းရှိ ဒေသခံအမျိုးသားနှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား မန္တလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးများအား တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နေ မ-----၊ ၁၉/ ၂၀၂၅ နှစ်ကို တစ်ရွာတည်းနေ မနိုင်(ခ)လေးလေးနိုင်က တရုတ်နိုင်ငံရှိ ဆံပင်တုနှင့် လက်သည်းတု စက်ရုံတို့တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၃ သိန်းခန့်ရမည်၊ ပို့ဆောင်ခအနေဖြင့် ငွေကျပ် သိန်း ၄၀ ပေးရမည်၊ လုပ်အားခရရှိမှသာ ပေးချေနိုင်သည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့နေ မိုးသူဇာ(ခ)မချိုထံ ပို့ဆောင်ပေးခဲ့သည်။

ယင်းနောက် မချိုက စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည်မဟုတ်ဘဲ တရုတ်ယောကျ်ားယူရမည်၊ မယူပါကလမ်းစရိတ်များ ပြန်လျော်ရမည်ဟုပြောဆိုပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခရမ်းမြို့မရဲစခန်းက(ပ) ၅/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် သန်လျင်ခရိုင် တရားရုံးက ဖမ်းမိတရားခံ မနိုင်(ခ)လေးလေးနိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မိုးသူဇာ(ခ)မချိုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကချင်ပြည်နယ် မိုးညှင်းမြို့နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်နှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်တို့ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်က လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယားလုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ ရမည်၊ အလုပ် လုပ်ကိုင်လိုပါက ၎င်း၏ အမြွာညီမဖြစ်သူ အေးအိမွန်က တရုတ်သူဌေးများနှင့် တွေ့ဆုံပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်းက (ပ)၁၀/ ၂၀၂၅ နှင့် အမှတ်(၅) မြို့မရဲစခန်းက(ပ)၃၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက တရားခံအေးမြတ်မွန်နှင့် အေးအိမွန်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် လားရှိုးမြို့နေ မ-----၊ ၃၉/ ၂၀၂၅ နှစ်ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်က လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယားလုပ်ကိုင်ပါက ယွမ် ၁၅၀၀၀ ရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့ရှိ တည်းခိုခန်းတစ်ခုတွင် ပွဲစား ဒေါ်သန်းအေး(ခ)ပီရင်းနှင့်အတူ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန်စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်းက(ပ) ၂၉/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက တရားခံ အေးမြတ်မွန်နှင့် ဒေါ်သန်းအေး(ခ)ပီရင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ဥတ္တရသီရိ စက်တင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဂုဏ်ပြုအမှာစကားပြောကြားရာ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ် ပေါ်များခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေး ပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ သင်ကြားပေးနိုင်ရေးနှင့် မှန်ကန်သည့်တွေးခေါ်မြော်မြင်မှုများ ရရှိစေဖို့အတွက် လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြသော ဆရာ ဆရာမများ၊ ပံ့ပိုးပေးခဲ့ကြသော မိဘများနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး ကြိုးစားခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလုံးကိုလည်း ဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်အောင်ချက် အကောင်းဆုံးမြို့နယ်ဆုနှင့် သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဥတ္တရခရိုင် ပညာရေးမှူး ဒေါက်တာမာမာဇင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

## စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆီကုန်သည်၊ ဆီလုပ်ငန်းရှင်များဆွေးနွေး

မအူပင် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လှိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါအချက်များကို ရှင်းလင်းဆွေးနွေးပြီး ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးဦးဝင်းထွန်းက ခရိုင်အတွင်းရောက်ရှိလာသည့် စားအုန်းဆီများအား ဒေသခံပြည်သူများထံ ဆီစာအုပ်ဖြင့် စနစ်တကျ အလေးချိန်မှန်၊ ဈေးနှုန်းမှန်၊ ရက်ချိန်းမှန်ကန်စွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရေး လမ်းညွှန်မှာကြားဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသည့် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များက သိလိုသည်များကို တင်ပြဆွေးနွေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများအား ရှင်းလင်းပို့ချခြင်းကို ယနေ့နံနက်၁၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးစန္ဒာက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများထံသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆရာကိုင်လက်စွဲစာအုပ်များကို တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

○ ဂျူဗင်တပ်မှ

ဂျူဗင်တပ်အသင်းဟာ ဂျီနိုအာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန် ၇၃ မိနစ်မှာ ရရှိခဲ့တဲ့ ဗလာဟိုဗစ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နာပိုလီအသင်းက ကာဂလီယာယီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၅ မိနစ်မှာ ရရှိခဲ့တဲ့ အန်ဂွစ်ဆာရဲ့ သွင်းဂိုးနဲ့ နာပိုလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီလို နိုင်ပွဲကိုယ်စီရခဲ့ပေမယ့် အင်တာမီလန်အသင်းကတော့ အူဒီးနီးစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဒမ်ဖရီးရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အူဒီးနီးစ်အသင်းက ပွဲကစားချိန် ၂၉ မိနစ်မှာ ဒေးဗစ်နဲ့ မိနစ် ၄၀ မှာ အက်တာတို့က တစ်ဂိုးစီသွင်းယူခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အီတလီစီးရီးအေပွဲစဉ် (၂) အပြီးမှာ ဂျူဗင်တပ်အသင်း၊ နာပိုလီအသင်း၊ ခရီမိုနိစ်အသင်းနဲ့ ရိုးမားအသင်းဟာ နှစ်ပွဲစလုံးအနိုင်ရရှိကာ ရမှတ် ခြောက်မှတ်စီနဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

❒ ကျောဖုံးမှ

အုပ်စု (A) မှ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းက ရရှိခဲ့သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်တွင် Pot-1 ၌ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ Pot-2 ၌ တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ Pot-3 ၌ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ မြောက်ကိုရီးယားကလပ် Naegohyang အသင်း၊ Pot-4 ၌ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆက်ဖ်အသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်းတို့ ပါဝင်နေသည်။

နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလအတွင်း ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို လေးသင်းသုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ရာသီတွင် စတင်ကျင်းပပြီး တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်းက ချန်ပီယံဆု ရရှိထားသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - စိုးညွှန့်သော်

# မြို့နယ်အချို့၌ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပြသ



**ကော့မှူးမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း သရုပ်ပြအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇောဒယ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဇင်ထက်က မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ စမ်းသပ်ဆန္ဒမဲပေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

**မုံရွာမြို့နယ်**

တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ကျင်းပသည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများကို မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အကြောင်း ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး မြတ်သလ္လာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မုံရွာမြို့နယ်ဒေသခံများ တက်ရောက်ကြသည်။

**ပေါင်းစပ်ဆောင်ရွက်**

ဦးစွာတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိဦးကိုကိုဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၁၅ ဦးတို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေး အတွက် သွင်းအားစု(ယူရီးယားမြေဩဇာ၊ လယ်ယာသုံးစက်မောင်းဆီ)များ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၁၅ ဦးအတွက် သွင်းအားစု(ယူရီးယားမြေဩဇာများနှင့် လယ်ယာသုံးစက်မောင်းဆီ)များ ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ မဲဆန္ဒရှင် ဆရာ ဆရာမများ၊ ဒီဂရီကောလိပ်အဆင့် ကျောင်းသားကျောင်းသူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးထိန်လင်းက အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ကို အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများမရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ တိကျသောမဲရလဒ်များရရှိနိုင်ခြင်း၊ ရွေးကောက်ပွဲ ရလဒ်များကို လျင်မြန်စွာကြေညာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

